

# UPR မှ တစ်ဆင့် မြန်မာနိုင်ငံရှိ လူ့အဖွဲ့အစည်းများ၏ အခွင့်အရေးများအား ထိန်းသိမ်းကာကွယ်ပေးခြင်း

UPR နိုင်ငံအားလုံးအလှည့်ကျအစီရင်ခံရမည့် လုပ်ငန်းစဉ်ဆိုင်ရာ အလုပ်အဖွဲ့၏ ၂၃ ကြိမ်မြောက် အစည်းအဝေး
(၂ - ၁၃ နိုဝင်ဘာ၊ ၂၀၁၅)

THE
LUTHERAN
WORLD
FEDERATION

## မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံအားလုံးအလှည့်ကျအစီရင်ခံရမည့် လုပ်ငန်းစဉ် (Universal Periodic Review) သို့ LWF မှ တင်သွင်းခဲ့သော အစီရင်ခံစာ အနှစ်ချုပ်။

နည်းစနစ် - ယခုအစီရင်ခံစာမှာ လက်တွေ့ကွင်းဆင်းလေ့လာခြင်း၊ ဦးတည်အုပ်စုများနှင့် ဆွေးနွေးခြင်း၊ တစ်ဦးတစ်ယောက်ချင်းစီ မေးမြန်းခြင်းတို့မှတစ်ဆင့် ကောက်ယူရရှိခဲ့သော ခိုင်မာသည့် အချက်အလက် များကို အခြေခံထားခြင်းဖြစ်သည်။

### အဓိက ပြဿနာများ

#### မြေယာပိုင်ဆိုင်ခွင့်

- မြန်မာနိုင်ငံတွင် ပြည်သူများ၏ ၇၀% မှာ ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့် ဆက်နွယ်သည့် လုပ်ငန်းများကို လုပ်ကိုင်ကြသည်။
- နိုင်ငံ၏ဒေသအများအပြားတွင် အစိုးရက မြေယာများကို နိုင်ငံတော်ပိုင်အဖြစ် သိမ်းယူမှုကြောင့် မြေယာအနည်းငယ်သာ ပိုင်ဆိုင်သည့် လယ်သမားများမှာ နေရပ်စွန့်ခွာ ပြောင်းရွှေ့နေရပြီး ကျေးလက်အခြေပြု အသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှာ ခြိမ်းခြောက်ခံရသည့် အခြေအနေတွင် ရှိနေသည်။
- လက်ရှိတည်ဆဲ လယ်ယာမြေဥပဒေတွင် လယ်သမားများအနေဖြင့် ၎င်းတို့၏ လယ်ယာ မြေများတွင် စဉ်ဆက်မပြတ် စိုက်ပျိုးနေရမည်ဟု ပြဋ္ဌာန်းထားမှုကြောင့် ချင်းပြည်နယ်မှ လယ်သမားများကဲ့သို့ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးကြသည့် လယ်သမားများ၏ အခွင့်အရေးများမှာ ထိခိုက်နစ်နာနေရသည်။

#### အကြံပြုချက်များ

အမျိုးသားလယ်ယာမြေ ပြုပြင်ပြောင်းလဲမှုစနစ် ဖော်ဆောင်ရန်နှင့် လယ်ယာမြေမရှိသည့် လယ်သမား လူ့အဖွဲ့အစည်းအား လစ်လပ်လယ်ယာများကို မျှဝေပေးရန်။

- တိုင်ကြားမှုများကို ရှင်းလင်းစွာ ကိုင်တွယ်နိုင်သည့် နည်းလမ်းနှင့်အတူ ပိုမိုရှင်းလင်း ထိရောက်သော မြေယာ မှတ်ပုံတင်မှုစနစ်ကို ဖော်ဆောင်ရန်။

- မြေယာမှတ်ပုံတင်ခြင်းနှင့် အသိအမှတ်ပြုခံရခြင်းတို့၏ အရေးကြီးမှုနှင့်ပတ်သက်၍ ကျေးရွာများ တွင် အသိပညာ မြှင့်တင့်ပေးသည့် လှုပ်ရှားမှုများ ဆောင်ရွက်ရန်။

#### ရေရရှိခွင့်

- မြေအောက်ရေ အရည်အသွေးကို စောင့်ကြည့်အကဲဖြတ်ရန် အစိုးရမှဆောင်ရွက်သည့် ထိရောက်သော လုပ်ငန်းစဉ် မရှိခြင်းက ဒေသခံပြည်သူလူထု၏ ကျန်းမာရေးကို ဆိုးရွားသည့် ခြိမ်းခြောက်မှု ဖြစ်စေသည်။
- ကွင်းဆင်းလေ့လာမှုများအရ လက်ရှိအသုံးပြုနေသည့် နည်းလမ်းများနှင့် ဥပဒေ ချိုးဖောက်မှု များကြောင့် အရည်အသွေးကို အန္တရာယ်ဖြစ်စေနိုင်ပြီး၊ ဥပမာအားဖြင့် စက်ရုံအလုပ်ရုံများက မြစ်ချောင်းများကဲ့သို့ ရေအရင်းအမြစ်များအတွင်း ရေဆိုးများ စွန့်ပစ်မှုမှာ ရေထုညစ်ငြမ်းမှုကို ဖြစ်စေကာ အနီးပတ်ဝန်းကျင် လူ့အဖွဲ့အစည်း၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည်။
- ထို့ပြင် အန္တရာယ်ကင်းသည့်သောက်သုံးရေညီမျှစွာ ရရှိရေးကို သိသိသာသာသာ အဟန့်အတားဖြစ်နေသည့် တစ်ဖက်သက် ဥပဒေရေးရာမူဘောင်များ၊ ပေါ် လစီများ၊ မြေပြင်ဆောင်ရွက်မှုများ နှင့်ပတ်သက်၍ တိုင်ကြားမှုများကို ကိုင်တွယ်ဆောင်ရွက်ရန် အလုပ်ဖြစ်သော စနစ်မျိုး လက်ရှိအချိန်အထိ မြန်မာနိုင်ငံတွင် မရှိသေးပေ။

#### အကြံပြုချက်များ

- ရေလှောင်ကန်များ ဆောက်လုပ်ရေးအတွက် မြေနေရာပေးရန်၊ လူ့အဖွဲ့အစည်းအတွင်း အခြေခံအဆောက်အအုံများကို မြှင့်တင်ပေးရန်နှင့် ကျေးရွာများအတွက် မသန့်ရှင်းသည့် ရေအရင်းအမြစ်အစား ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်ရေရရှိအောင် ဆောင်ရွက် ပေးရန်။
- အမျိုးသားရေးပေးဝေမှုပေါ် လစီနှင့် ဥပဒေဆိုင်ရာ လိုအပ်ချက်များကို ပြဋ္ဌာန်းရန်၊ သို့မှသာ ပြည်သူများအတွက် သန့်ရှင်းသော သောက်သုံးရေဖြန့်ဖြူးပေးရေးတွင် ပိုမိုကောင်းမွန်လာမည် ဖြစ်သည်။
- ရေပေးဝေမှု စီမံခန့်ခွဲရေးကို ဗဟိုထိန်းချုပ်မှုစနစ်မှ ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများသို့ လွှဲပြောင်းပေးရန်၊ အဆိုပါ ရေပေးဝေမှုကို ထိရောက်စွာလည်ပတ်နိုင်ရေး၊ အများပြည်သူနှင့် သက်ဆိုင်သည့် ရေအရင်းမြစ်များအား ကာကွယ်နိုင်ရေးတို့အတွက် ၎င်းတို့အား လိုအပ်သော နည်းပညာစွမ်းရည် မြှင့်တင်ပေးရန်

## တရားဝင်အထောက်အထား ရပိုင်ခွင့်

- ကုလသမဂ္ဂ နိုင်ငံတကာ ကလေးများ အရေးပေါ် ရန်ပုံငွေအဖွဲ့ (UNICEF) ၏အဆိုအရမြန်မာနိုင်ငံရှိ အသက် ၅နှစ်အောက် ကလေးငယ် ၁၀ဦးတွင် (၃) ဦးမှာ မွေးစာရင်းမရှိဟု သိရသည်။

- ချင်းပြည်နယ်တွင် ကလေးငယ်များ၏ ၇၆% မှာ မွေးစာရင်း မရှိကြပါ။ လက်နက်ကိုင် ပဋိပက္ခဒဏ်ခံစားနေရသည့် ကလေး ငယ်များ၏ ၃၅% မှာ မွေးစာရင်း မှတ်ပုံတင်ထားခြင်း မခံရပါ။

- ထို့ပြင် ပြည်သူတစ်ဦးတစ်ယောက်ချင်းအတွက် တရားဝင် အသိအမှတ်ပြုမှုကို သေချာစေသည့် အဓိကစာရွက်စာတမ်း ဖြစ်သော နိုင်ငံသားစီစစ်ရေးကဒ်ပြား (CSC) ရရှိရေးတွင် အဟန့်အတားများရှိနေသည်။

## အကြံပြုချက်များ

- ပြည်သူအားလုံး မွေးစာရင်းရယူနိုင်မည့် ရှင်းလင်းထိရောက် သော မွေးစာရင်းသွင်းမှု စနစ်ကို ဖော်ဆောင်ရန်။ အဆိုပါစနစ် တွင် တိုင်ကြားမှုများအား ကိုင်တွယ်နိုင်မည့် လုပ်ငန်းစဉ်လည်း ပါဝင်ရမည်။
- (နိုင်ငံသားစီစစ်ရေးကဒ်ပြား၏ အရေးကြီးမှုနှင့် ဆက်စပ်၍) မွေးစာရင်း၏ အရေးပါပုံကို အသိပညာပေးရန်၊ မွေးစာရင်းသွင်းမှု နှင့် ဆက်နွယ်နေသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအား နားလည်မှုကို မြှင့်တင်ပေးရန်။
- မသန်စွမ်းကလေးသူငယ်များ၊ ကျောင်းအတွင်းနှင့် ကျောင်းပြင် ပရှိ ကလေးများ၊ ကယ်ဆယ်ရေး စခန်းတွင်ရှိနေသည့် ကလေး များနှင့် ဝေးလံခေါင်ဖျားဒေသများမှ ကလေးများအတွက် မွေးစာ ရင်းသွင်းခြင်းနှင့် နိုင်ငံသားစီစစ်ရေးကဒ်ပြား ထုတ်ပေးခြင်း ပြဿနာများဖြေရှင်းရေး အားထုတ်ကြိုးပမ်းမှုအားလုံးကို အသေ အချာဆောင်ရွက်ရန်

## နိုင်ငံသားဖြစ်ခွင့်

- မြန်မာနိုင်ငံရှိ လူအများစုမှာ တရားဝင် အသိအမှတ်ပြုခံရမှု နှင့် မြန်မာနိုင်ငံသားဖြစ်ကြောင်း အတည်ပြုသည့် အဓိက စာရွက်စာတမ်းဖြစ်သော နိုင်ငံသားစီစစ်ရေးကဒ်ပြား (CSC) ကို ကိုင်ဆောင်ထားခြင်း မရှိပေ။
- အချို့သော အခြေအနေများတွင် တိုင်းရင်းသားနှင့် ဘာသာ ရေးလူနည်းစုများမှာ နိုင်ငံသား စီစစ်ရေးကဒ်ရရှိမှုတွင် ခွဲခြားဆက်ဆံခံနေရသည်။

## အကြံပြုချက်များ

- တိုင်ကြားမှုများအား ကိုင်တွယ်ရေး လုပ်ငန်းစဉ်အပါအဝင် ပြည်သူအားလုံး နိုင်ငံသားစီစစ်ရေး ကဒ်ပြားရရှိနိုင်မည့် ရှင်းလင်း ထိရောက်သော စနစ်တစ်ခု ဖော်ဆောင်ရန်။
- နိုင်ငံသားစီစစ်ရေးကဒ်ပြား ကိုင်ဆောင်ထားခြင်း၏ အရေးကြီးမှု အတွက် နားလည်မှုမြှင့်တင်ရန်နှင့် အသိပညာပေးရန် ဘာသာရေး ခေါင်းဆောင်များအပါအဝင် အစိုးရမဟုတ်သောအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## အမျိုးသမီးအခွင့်အရေး

- မြန်မာအစိုးရမှာ ၂၀၁၃ ခုနှစ်တွင် "အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက် မှုဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ (NSPAW)" ကို ရေးဆွဲထုတ်ပြန်ခဲ့သော်လည်း အဆိုပါမဟာဗျူ ဟာကို အကောင်အထည်ဖော်ရာတွင် ယခု အချိန်အထိ နှေးကွေး လျက် ရှိသည်။
- အမျိုးသမီးများမှာ မြေယာ၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်၊ ပညာသင် ကြားခွင့်၊ အလုပ်အကိုင်ရရှိမှု အခွင့်အရေးများ နည်းပါးပြီး၊ ဆုံးဖြတ် ချက်ချမှတ်သည့် အဖွဲ့အစည်းများတွင် ပါဝင်ခွင့်၊ ဝင်ရောက်ခွင့်မရရှိပေ။ (ဥပမာ - မြန်မာနိုင်ငံ အမျိုးသား လွှတ်တော်အမတ်များ၏ ၄.၄၂ ရာခိုင်နှုန်းသာ အမျိုးသမီးများ ဖြစ်သည်)
- ထို့ပြင် ဘာသာမတူ လက်ထပ်ထိမ်းမြားမှု၊ ဘာသာကူးပြောင်း မှု၊ တစ်ဦးထက်ပို၍ထိမ်းမြားမှုနှင့် လူဦးရေထိန်းချုပ်မှုများနှင့်

## အကြံပြုချက်များ

- အမျိုးသမီးများ ၎င်းတို့၏ အခွင့်အရေးကို အပြည့်အဝ ရယူခံစား ခြင်းအား တားဆီးသည့် အန္တရာယ်ရှိသောအပြုအမူ၊ လူမှုစံနှုန်း များနှင့် လက်တွေ့ကျင့်သုံးမှုများကို တားဆီးပိတ်ပင်သည့် နိုင်ငံ တော်အဆင့်လုပ်ငန်းဆောင်ရွက်မှု စီမံချက် (National Action Plan) တစ်ခု ဖော်ဆောင်ရန်။ အဆိုပါ စီမံချက်တွင် ကျား၊ မ အခြေပြု အကြမ်းဖက်မှုကို တိုက်ဖျက်သည့် ပေါ်လစီများကို ပြဌာန်းခြင်း၊ မြှင့်တင်ပေးခြင်းတို့လည်း ပါဝင်သင့်သည်။
- နိုင်ငံတော်အဆင့်၊ ပြည်နယ်၊ တိုင်း အစိုးရအဖွဲ့အစည်းများတွင် ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများ၏အနည်းဆုံး ၃၀% ကို အမျိုးသမီးများအတွက် သတ်မှတ်ထားသော ခွဲတမ်းစနစ်ကို အကောင်ထည်ဖော်ရန်။ အဆိုပါ သတ်မှတ်ချက်အား အသေအ ချာ လိုက်နာဆောင်ရွက်ရေးနှင့် ဆက်လက်ဖြည့်ဆည်းရေးကို စောင့်ကြည့်သည့် လုပ်ငန်းစဉ်တစ်ခုကို ဖော်ဆောင်ရန်။

ပတ်သက်သည့် ဥပဒေအသစ်များက အမျိုးသမီးများ ၎င်းတို့၏ အိမ်ထောင်ဖက်ကို ကိုယ်တိုယ်ရွေးချယ်ခွင့်အား ထိခိုက်နေကာ လွတ်လပ်စွာကိုးကွယ်မှုကို ထိခိုက်စေမည်ဆိုသည့် စိုးရိမ်မှုများကို မြင့်တက်စေသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်မဟုတ်သော လူနည်းစုများ - အထူးသဖြင့် အမျိုးသမီးများ - အပေါ် အကြမ်းဖက်သည်အထိ ဖြစ်ပေါ် လာနိုင်စေပါသည်။

- ကျား - မ ၏အခြေပြု အကြမ်းဖက်မှု (၉) ပြဿနာကို ဖြေရှင်းရန်နှင့် ကာကွယ်ရန် မြန်မာနိုင်ငံတွင်ဥပဒေရေးရာ သတ်မှတ်ချက်များ မရှိသေးပါ။

- အမျိုးသမီး၊ အမျိုးသား နှစ်ဖက်စလုံးအတွက် လူကုန်ကူးမှု တိုက်ဖျက်ရေး ဥပဒေများကို လက်ခံကျင့်သုံး အကောင်အထည်ဖော်ရန်။

- အမျိုးသမီးများအတွက် တူညီသော လုပ်ခလစာရရှိရေး ပါဝင်ရန်အတွက် တန်းတူညီမျှ အလုပ်ခန့်ထားမှုနှင့် သက်ဆိုင်သည့် ဥပဒေပြဋ္ဌာန်းချက်များအား ပြင်ဆင်ရန်။

Lutheran World federation (LWF) – ၁၉၄၇ ခုနှစ်တွင် ဆွီဒင်နိုင်ငံ လမ်ဒ်မြို့ (Lund) ၌ ဖွဲ့စည်းခဲ့ပြီး နိုင်ငံပေါင်း၇၉ နိုင်ငံမှ ခရစ်ယာန်ဘာသာဝင် ၇၂ သန်းကို ကိုယ်စားပြုသည့် ဘုရားကျောင်းပေါင်း ၁၄၄ ခုနှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။ LWF သည် ၁၉၅၂ နှစ်ကပင် ECOSOC တွင် အတိုင်ပင်ခံအဖွဲ့အဖြစ် ရပ်တည်လျက်ရှိသည်။

THE
LUTHERAN
WORLD
FEDERATION

Lutheran World Federation Myanmar (LWF Myanmar) မှာ LWF ကမ္ဘာလုံးဆိုင်ရာ ဝန်ဆောင်မှုဌာန (DWS)၏ မြန်မာနိုင်ငံဆိုင်ရာ စီမံကိန်းလုပ်ငန်းဖြစ်သည်။ အဆိုပါ စီမံကိန်းကို ၂၀၀၉ ခုနှစ်ကတည်းက အခြေခံလူတန်းစားများနှင့် ထိခိုက်ခံစားလွယ်သော ရပ်ရွာလူထုများ အတွက် ဆောင်ရွက်ခဲ့သည်။ LWF Myanmar မှာအရေးပေါ်အခြေအနေများအတွက် ပြင်ဆင်တုန့်ပြန်မှု၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် စားနပ်ရိက္ခာဖူလုံရေး၊ သောက်သုံးရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ် ရည်ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် လူ့အခွင့်အရေးကဏ္ဍများစသည့် နယ်ပယ်များတွင် ရပ်ရွာလူထုအခြေပြုအားထုတ်ဆောင်ရွက်မှုများကို အဓိက လုပ်ဆောင်နေသည်။

UPR သို့ပေးပို့သည့် မိမိတို့၏ အစီအရင်ခံစာ အပြည့်အစုံကို အောက်ပါဝဘ်ဆိုက်တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။
https://www.lutheranworld.org/news/human-rights-myanmar-and-nepal

## ဆက်သွယ်ရန်

Dr. Ojot Miru Ojulu (ojot.ojulu@lutheranworld.org)
ပညာပေး စည်းရုံးရေး အရာရှိ၊ LWF ၏ နိုင်ငံတကာရေးရာနှင့်လူ့အခွ င့်အရေး၊ ဂျနီဗာ၊ ဆွ စ်ဇာလန်နိုင်ငံ။

Ms. Francesca Paola Traglia (dpc.mmr@lwfdws.org)
စီမံကိန်း ညှိနှိုင်းရေးမှူး၊ LWF မြန်မာ၊ ရန်ကုန်မြို့၊မြန်မာနိုင်ငံ။